# Annual Performance Review Shows Myanmar CDD Program Delivering Results for Remote Communities

**နေပြည်တော်၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်။**

လွန်ခဲ့သော နှစ်များမှစတင်၍ လူထုဗဟိုပြုစီမံကိန်း၏ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသအနှံ့အပြားတွင် ကျောင်းများ၊ ကျန်းမာရေးဌာနများ၊ လမ်းများနှင့် သောက်သုံးရေရရှိမှုစနစ်များကို ကျေးရွာလူထုကိုယ်တိုင် ပြုပြင်တည်ဆောက် အကောင်အထည်ဖော်မှုများ ပြုလုပ်ခဲ့ကြပါသည်။ စီမံကိန်းစက်ဝန်းတစ်ခုပြီးဆုံးချိန်တိုင်း နှစ်စဉ်ကျင်းပနေကျဖြစ်သော ပြည်ထောင်စုအဆင့်သက်ဆိုင်သူပေါင်းစုံပါဝင်သောသုံးသပ်ပွဲ၌ ကုန်ဆုံးခဲ့ပြီးသော စီမံကိန်းနှစ်၏ စွမ်းဆောင်ရည်များကို ပြန်လည်သုံးသပ်ပြီး အကျိုးရှိသော အကြံပြုချက်များဖြင့် လာမည့်နှစ်တွင် စီမံကိန်းကြီး ပိုမိုတိုးတက် ကောင်းမွန်လာစေရန် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရရှိပါသည်။ ထို့အတူ မြန်မာပြည်အနှံ့ ကျေးရွာပေါင်း ၅၀၀၀ ကျော်တွင် ကျေးရွာလူထုမှကျေနပ်နှစ်သက်မှု အလွန်ကောင်းသော ပူးပေါင်းပါဝင်မှုဖြင့် အရည်အသွေးကောင်းမွန်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ရရှိခဲ့ကြောင်းကို ပြသနိုင်ခဲ့ပါသည်။

ယခုစီမံကိန်းတတိယနှစ်တွင် မြန်မာနိုင်ငံ၏ လူဦးရေ(၃)သန်းခန့်နေထိုင်သည့် ကျေးရွာ ၅၀၀၀ ခန့်တည်ရှိရာ မြို့နယ်(၂၇) မြို့နယ်အထိတိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ စာသင်ကျောင်းများ ပိုမိုကောင်းမွန်အောင်တိုးချဲ့ခြင်း၊ လမ်းများပြုပြင်ခြင်းနှင့် ရေအရင်းအမြစ်များ အသစ်တည်ဆောက်ခြင်းတို့ကို စီမံကိန်း၏ ဘဏ္ဍာရေးပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့မှုတို့ဖြင့် ကျေးရွာလူထုကိုယ်တိုင်ကိုယ်ကျ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းတွင်ပါဝင်သော ကျေးရွာများသည် ကျေးရွာအဆင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရန်နှင့် ပြုပြင်ရန်အတွက် နှစ်စဉ်ထောက်ပံ့ငွေများ ရရှိကြပါသည်။ ထောက်ပံ့ငွေများကို ကျေးရွာအုပ်စု၏ ဘဏ်စာရင်းတွင် ထိန်းသိမ်းထားရှိပြီး လျှို့ဝှက်မဲပေးသည့်စနစ်ဖြင့် ရွေးချယ်တင်မြှောက်ခံထားရသည့် ကျေးရွာကော်မတီများမှ စီမံခန့်ခွဲခြင်းဖြစ်သည်။ ကျေးရွာလူထုကိုယ်တိုင် စီမံကိန်းတွင်ဆောင်ရွက်ရာ၌လည်း စီမံကိန်းဆိုင်ရာစည်းရုံးရေးမှူးများမှ နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာနှင့် ဝယ်ယူရေးဆိုင်ရာသင်တန်းများ ပို့ချပေးခြင်းဖြင့် ကူညီထောက်ပံ့ပေးပါသ်ည။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) မှအကောင်အထည်ဖော်သည့် လူထုဗဟိုပြုစီမံကိန်းသည် ဆင်းရဲနွမ်းပါးသည့် ကျေးရွာများကိုဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဦးခန့်ဇော်မှ "ဒီစီမံကိန်းက မြန်မာနိုင်ငံမှာကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုတွေကို အသွင်ပြောင်းပေးတာပါ။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အတွက်လိုအပ်သော အရင်းအမြစ်များကို ကျေးရွာလူထုအား စိတ်ဝင်စားမှုနှင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု တွန်းအားများပေး၍ ရရှိစေခြင်းဖြစ်ပါသည်" ဟုပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် လူထုဗဟိုပြုစီမံကိန်း၏ အခြေခံအဆောက်အအုံများနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာစစ်ဆေးမှုမှ တွေ့ရှိချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဆက်ပြသခဲ့ပါသည်။

စီမံကိန်းလုပ်ငန်းခွဲများ၏ ပြင်ဆင်မှု၊ အကောင်အထည်ဖော်မှုနှင့် လုပ်ငန်းလည်ပတ်မှုတို့တွင် စီမံကိန်းလုပ်ငန်းများ၏ ၉၂ရာခိုင်နှုန်းကျော်၌ ကျေးရွာလူထု၏အကဲဖြတ်မှုများအရ "နှစ်သက်မှု နှင့် အလွန်နှစ်သက်မှုများ" ရရှိခဲ့ကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် စီမံကိန်းလုပ်ငန်းခွဲများကို အခြားစီမံကိန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ကုန်ကျစရိတ်သည်ကျသင့်သည့် ပမာဏထက် ပိုမိုသက်သာစွာဖြင့် တည်ဆောက်နိုင်ခဲ့ကြခြင်း ဖြစ်ကြောင်းတွေ့ရှိရပါသည်။

အစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် နောက်ထပ်တိုးချဲ့လိုက်သည့် မြို့နယ်များအပါအဝင် လူဦးရေ (၅)သန်းကျော်ရှိသည့် ကျေးရွာပေါင်း (၉၀၀၀)ခန့်ပါဝင်သော မြို့နယ် (၄၇)မြို့နယ်အတွက် စီမံကိန်းဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်နေစေရန် မည်ကဲ့သို့ဆောင်ရွက်သင့်သည်များကို ဆွေးနွေးခဲ့ကြပါသည်။ "အကောင်းမွန်ဆုံးဆောင်ရွက်နေနိုင်တဲ့ စီမံကိန်းတိုင်းက အစမှာတော့ ပြီးပြည့်စုံတယ်ရယ်လို့ မရှိခဲ့ပါဘူး။ ဒါပေမဲ့ အချိန်နဲ့အမျှ သင်ယူရင်း၊ ပြောင်းလဲရင်းနဲ့ တိုးတက်လာမှာပါ။ အဲဒီလိုဆောင်ရွက်နေတဲ့အခါမှာတော့ လူထုဗဟိုပြုစီမံကိန်းဟာ ကျေးရွာအဆင့် လူထုစစ်ဆေးပွဲတွေ၊ မြို့နယ်စီမံကိန်းသက်ဆိုင်သူ ပေါင်းစုံပါဝင်သည့် အစည်းအဝေးတွေနဲ့ ဒီနေ့မှာကျင်းပတဲ့ အစည်းအဝေးတွေ ပြုလုပ်ပြီး ကောင်းမွန်စွာဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု ကမ္ဘာ့ဘဏ်၏ Country Manager Abdoulaye ကပြောကြားခဲ့ပါသည်။

လူထုဗဟိုပြုစီမံကိန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ၊ကမ္ဘာ့ဘဏ်၊ အီတလီ နှင့် ဂျပန်အစိုးရတို့၏ ငွေကြေးအကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ လူထုဗဟိုပြု စီမံကိန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ကမ္ဘာ့ဘဏ်၊ အီတလီ နှင့် ဂျပန်အစိုးရတို့၏ ရန်ပုံငွေများ စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၃၂သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ စီမံကိန်းကာလကို ၂၀၂၁ ခုနှစ်အထိ သတ်မှတ်ထားပြီး အနည်းဆုံးမြို့နယ် (၆၃) မြို့နယ်ရှိ ကျေးရွာများကို စီမံကိန်းစက်ဝန်း ၄ခုဖြင့် ထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်သည်။

Contact:

U Hla Khaing, Director, Department of Rural Development 09-798243844, kokhy.ygn@gmail.com

cdd.drdmyanmar.org

www.facebook.com/ncddpmyanmar